## လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ် -

1. **လိုအပ်သော စာရွက်စာတမ်းများနှင့် အချက်အလက်များကို စုဆောင်းပါ** - သတ်သတ်မှတ်မှတ် အစီအစဉ်အချို့တွင် ထပ်ဆောင်းလိုအပ်ချက်လည်း ရှိနိုင်သည်။ ကျေးဇူးပြုပြီး ညွှန်ကြားချက်များ အားလုံးကို အသေအချာ ဖတ်ရှုပါ။

   **DeKalb ကောင်တီကျောင်းခရိုင်တွင် လက်ရှိစာရင်းသွင်းထားသူ**

   - ကျောင်းသား၏ သက်သေခံကတ်ပြားနံပါတ် (အရေအတွက် 7လုံး)-ကျောင်းသား ၏ကိုယ်ရေးမှတ်တမ်း သို့မဟုတ် ကျောင်းချိတ်ဆက်မှု ကိုကြည့်ပါ
   - ကျောင်းသားမိဘ၏ ကိုယ်ရေး အီးမေးလ်လိပ်စာ

   **DeKalb ကောင်တီကျောင်းခရိုင်သို့ အသစ်ရောက်ရှိလာသူ သို့မဟုတ် ပြန်လည်ရောက်ရှိလာသူ**

   - ကျောင်းသားမိဘ၏ ကိုယ်ရေး အီးမေးလ်လိပ်စာ
   - နေထိုင်သည့်လိပ်စာ သက်သေ - ဓါတ်ဆီ၊ ရေ၊ မီးဘေလ် (အများဆုံး လွန်ခဲ့သည့် 2 လ)၊ ချေးငွေ/အငှားစာချုပ်
     - အထက်တွင် ဖော်ပြထားသည့်အတိုင်း မိဘဖြစ်သူသည် သူတို့၏အမည်ဖြင့် နေထိုင်ကြောင်း အထောက်အထား မရှိပါက, School Choice နေထိုင်ကြောင်း ကျမ်းကျိန်လွှာ ပုံစံကို လိုအပ်ပါသည်။ ပုံစံများကို ဤနေရာတွင် တွေ့နိုင်ပါသည် www.dekalbschoolsga.org/school-choice/forms-and-brochures/ ကျမ်းကျိန်လွှာတွင်ဖော်ပြထားသော စာရွက်စာတမ်းများ အားလုံးကို စိစစ်ပြီးတင်သွင်းပါ။ **ဖော်ပြထားသည်များမှလွဲ၍ အခြားစာရွက်စာတမ်းများကို တင်သွင်းခြင်းသည် လျှောက်လွှာကို သတ်မှတ်ချက်မပြည့်မီ ဖြစ်စေပါမည်။**
   - မွေးစားရင်း သို့မဟုတ် အုပ်ထိန်းမှု သက်သေ
   - လက်ရှိပညာသင်နှစ် **ဆောင်းရာသီပညာသင်ကာလ၏ ကိုယ်ရေးမှတ်တမ်း**
   - M.A.P. စာမေးပွဲရမှတ်များကို သတ်မှတ်ထားမှသာလျှင် အလွန်ထူးချွန်ထက်မြက်သောကျောင်းသူကျောင်းသားများ၏ ဆွဲဆောင်မှု အစီအစဉ်အတွက် နေရာရရှိမည်ဖြစ်သည်။

2. **ကျောင်းရွေးချယ်မှု ပရိုဂရမ်များနှင့် ကျောင်းများကို သုတေသနပြုပါ** - သင့်ကလေး၏ သင်ယူမှုပုံစံ၊ အားသာချက် နှင့် စိတ်ဝင်စားမှုများ နှင့် ပရိုဂရမ်ကို ကိုက်ညှိပါ။ ဝင်ရောက်ကြည့်ရှုပါ www.dekalbschoolsga.org/school-choice/programs/

3. **သယ်ယူပို့ဆောင်ရေးမူပေါ်လစီကို ထည့်သွင်းစဉ်းစားပါ။**

4. **သင့်အစီအစဉ်များ နှင့် ကျောင်းများကို ရွေးချယ်ပါ။**

5. https://dekalbschoolsgac.scriborder.com/**သို့သွားပါ။ လျှောက်ထားရန် "START LOGIN" တက်ဘ်ကို ရွေးပါ။**

- မိဘများအားလုံးသည် လျှောက်ထားမှုစနစ်သစ်အတွက် အကောင့်တစ်ခုကို ဖန်တီးရမည်။
- ကျောင်းသားတစ်ဦးကို သင့်ပရိုဖိုင်သို့ထည့်ရန်၊ အပြာရောင် Associate Student တက်ဘ်ကို နှိပ်ပါ။
- ကျောင်းသားအတွက် လျှောက်လွှာတစ်ခု စတင်ရန် အစိမ်းရောင် Begin Application တက်ဘ်ကို နှိပ်ပါ။
- ပရိုဂရမ်များစွာအတွက် လျှောက်ထားရန် မိဘများသည် Begin Application အစိမ်းရောင်တက်ဘ်ကို တစ်ကြိမ်စီနှိပ်ရပါမည်။

6. အောက်ပါအစီအစဉ်များလိုအပ်လျက်ရှိသောကျောင်းသို့တင်ပြရမည့် ထပ်ဆောင်း လျှောက်လွှာတစ်ခုမှာ-

   **to DeKalb အနုပညာ အထက်တန်းကျောင်း (8-12) နှင့် DeKalb အနုပညာ မူလတန်းကျောင်း (အဆင့် 4-7) သို့ Audition Applicants လျှောက်ထားသူများ ပြုလုပ်ရမည်မှာ**

   - **ပထ မ** - S chool Choice အွန်လိုင်း လျှောက်လွှာ တင်ပါ
   - **ဒုတိယ** - အသံစစ်ဆေးခြင်း လျှောက်လွှာဖိုင်ကို ကျောင်းသို့တိုက်ရိုက်တင်ပြပါ။ အချက်အလက်များစွာ အတွက် ကျေးဇူးပြု၍ သူတို့ ၏ဝက်ဘ်ဆိုက်ဆီသို့ သွားရောက်ကြည့်ရှုပါ။

   **IB ပြင်ဆင်မှု (အတန်း 9, 10) နှင့် IB ဒီပလိုမာ (အတန်း 11, 12) Tucker အထက်တန်း၊ Druid Hills အထက်တန်း သို့မဟုတ် MLK Jr အထက်တန်းကျောင်းများသို့ လျှောက်ထားသူများ ပြုလုပ်ရမည်မှာ**

- **ပထမ** ᵐ - School Choice အွန်လိုင်း လျှောက်ထားချက်ကို တင်သွင်းပါ။
- **ဒုတိယ** - IB လျှောက်လွှာ စာမျက်နှာများကို IB ကျောင်းတစ်ခုချင်းစီသို့ အီးမေးလ်တစ်ခုတည်းနှင့် သီးခြား တင်သွင်းပြီး ဆရာများအ ကြံ ပြု ချက်ကိုတောင်းခံပါ။ အချက်အလက်များစွာ အတွက် School Choice လျှောက်လွှာများနှင့်ကြော်ငြာစာများစာမျက်နာဆီ သို့ သွား ရောက်ကြည့်ရှုပါ။

**Arabia Mountain အထက်တန်းကျောင်း Magnet ပရိုဂရမ်** နောက်ထပ် လျှောက်ထားချက်နှင့် အကြံပြုချက်ကို ဗီဒီယိုအင်တာဗျူး မေးခွန်းများပုံစံတွင် ဖော်ပြထားသည့်အတိုင်း ကျောင်းသို့ တိုက်ရိုက် တင်သွင်းရပါမည်။

DSA နှင့် DESA လူတွေ့စစ်ဆေးမှုများ၊ IB ပြင်ဆင်ရေး သို့မဟုတ် IB ဒီပလိုမာနှင့် Arabia Mtn HS ဒေါင်းလုပ်လုပ်နိုင်သည့်/တည်းဖြတ်နိုင်သည့် လျှောက်လွှာစာမျက်နှာများကို ဤဝက်ဘ်ဆိုက်လိပ်စာတွင် ရရှိနိုင်ပါသည် http://www.dekalbschoolsga.org/school-choice/forms-and-brochures/

7. **အပလီကေးရှင်းအခြေအနေ အပ်ဒိတ်များနှင့် အသိပေးချက်များများအတွက် သင့်အီးမေးလ်** ဝင်စာပုံးနှင့် အက်ပ်မိသားစု ဒက်ရှ်ဘုတ်ကို မကြာခဏ စစ်ဆေးပါ။ ပုံမှန် အီးမေးလ်စစ်၍ အက်ပလီကေးရှင်းအတွင်းသို့ လော့ဂ်အင် ဝင်ရောက်ကြည့်ရှုရန်မှာ သင်၏ တာဝန် ဖြစ်သည်။

8. **(မတ်လ 29 ရက်၊ 2024 ခုနှစ်) ကံစမ်းမဲရလဒ်များတွင် သင့်လျှောက်လွှာမိသားစု ဒက်ရှ်ဘုတ်သို့ ဝင်ရောက်ခြင်းဖြင့် သင့်ရလဒ်များကို စစ်ဆေးပါ။** သင်၏ အီးမေးလ်နှင့် School Choice ဒက်ရှ်ဘုတ်တို့ကို ပုံမှန် စောင့်ကြည့်ရန်မှာ သင်၏ တာဝန်ပင် ဖြစ်သည်။

9. **ပထမ တစ်ကျော့ ထိုင်ခုံများသည် ဧပြီလ 15 ရက်နေ့၊ 2024 ခုနှစ် တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။** နောက်ကျသောလျှောက်လွှာဝင်းဒိုးသည် ဧပြီလ 1 ရက်နေ့ မှ ဩဂုတ်လ 23 ရက်နေ့ 2024 ခုနှစ် အတွင်း စတင်ပါမည်။ နေရာချထားခြင်းအတွက် နောက်ဆုံးရက်မှာ ဩဂုတ်လ 30 ရက် 2024 ဖြစ်သည်။

10. **လျှောက်ထားသူအား ပရိုဂရမ်တစ်ခုသို့ လက်ခံလိုက်လျှင် အီးမေးလ်မှတဆင့် ပေးပို့မည်ဖြစ်သည့် ရွေးချယ်ရေးစာတွင် ဖော်ပြထားသော နောက်ဆုံးရက်စွဲဖြင့် အွန်လိုင်းဒက်ရှ်ဘုတ်တွင် လက်ခံ သို့မဟုတ် ငြင်းပယ် ခြင်းပြုလုပ်ပါ။** ကျောင်းအပ်ခွင့်နေရာကမ်းလှမ်းမှုကို လက်ခံပြီးသည်နှင့် တစ်ပြိုင်နက် ကျောင်းသားတစ်ဦးသည် မတူညီသော ကျောင်းနှစ်ကျောင်း သို့မဟုတ် အစီအစဉ် နှစ်ခုတွင် စာရင်းသွင်းခြင်း မပြုနိုင်သောကြောင့် အခြားသော ရွေးချယ်မှုများအားလုံးကို ငြင်းဆန်ပြီးသား ဖြစ်သွားမည်ဖြစ်သည်။ သင်၏ ဒက်ရှ်ဘုတ် အပလီကေးရှင်းမှ ထိုင်ခုံနေရာချထားမှုကို လက်ခံရန် ဆဲလ်ဖုန်းအစား ကွန်ပျူတာကို အသုံးပြုကြောင်း သေချာပါစေ။

11. **နောက်ဆုံးသတ်မှတ်ရက်အမီ သင့်ကျောင်းအပ်ခွင့်နေရာအား လက်ခံရယူရန် ကျောင်းတွင် စာရင်းသွင်းပါ။ နောက်ဆုံးသတ်မှတ်ရက်များအား ကျောင်းတစ်ကျောင်းစီ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားပါသည်။ ကျောင်း၏ ဝက်ဘ်ဆိုဒ် သို့မဟုတ် ရွေးချယ်ကြောင်းအသိပေးစာတွင် ဖော်ပြထားသော နောက်ဆုံးသတ်မှတ်ရက်အမီ ကျောင်းတွင် စာရင်းမသွင်းထားသော လျှောက်ထားသူမှန်သမျှ၏ နေရာများကို ပြန်လည်သိမ်းဆည်း/ငြင်းဆန်ကြောင်း အလိုအလျောက် သတ်မှတ်မည်ဖြစ်ပြီး စောင့်ဆိုင်းစာရင်းဝင် လျှောက်ထားသူများအား စောင့်ဆိုင်းစာရင်းတွင် ပါဝင်သည့် အစီအစဉ်အတိုင်း ပေးအပ်သွားပါမည်။** မိဘမှဖြစ်စေ အလိုအလျောက် ငြင်းဆန်မှုအနေဖြင့်ဖြစ်စေ ကျောင်းအပ်ခွင့် နေရာတစ်ခုအား ငြင်းဆန်ပြီးသည်နှင့်တစ်ပြိုင်နက် ပြန်လည်နေရာရယူရန်မှာ မဖြစ်နိုင်တော့ပေ။ စာရင်းသွင်းရမည့် ရက်စွဲများအား ကျောင်းဝက်ဘ်ဆိုက်တွင် မတွေ့ရှိပါက၊ ရက်ကို သိရှိရန် ကျောင်းသို့ ဖုန်းခေါ်ဆိုရမည်မှာ မိဘဖြစ်သူ၏ တာဝန်ဖြစ်ပါသည်။

**နောက်ထပ်သော အချက်အလက်များ ပိုမိုသိရှိလိုပါက၊** School Choice ဝဘ်ဆိုဒ် http://www.dekalbschoolsga.org/school-choice/ တွင် ဝင်ရောက်ကြည့်ရှုပါ